# ၁၉၅၄ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၃၁၅ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၂ ရက် (၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်) နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့်၊ ၁၉၅၃ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေ၏ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

ဒေသန္တရအဖွဲ့ ဖွဲ့စည်းခြင်းနှင့်အတည်ဖြစ်ခြင်း။

"၄။ ။(၁) ဤအက်ဥပဒေစတင်အာဏာတည်သည့် ခရိုင်တွင်၊သို့တည်းမဟုတ် ခရိုင်၏အစိတ်အပိုင်းတွင် ခရိုင်ကောင်စီ၊မြို့နယ်ကောင်စီ၊ မြို့မကောင်စီ၊ ရပ်ကွက်ကော်မီတီနှင့် ကျေးရွာကောင်စီများဖွဲ့စည်းထားရမည်။

(၂) ပုဒ်မခွဲ (၁) အရဖွဲ့စည်းထားသော ဒေသန္တရအဖွဲ့အသီးသီးသည်၊ နိုင်ငံတော်သမ္မတ က၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ သတ်မှတ်သည့်နေ့ရက်မှစ၍အတည်ဖြစ်စေရမည်။

သို့ရာတွင် ပုဒ်မခွဲ (၁) အရဖွဲ့စည်းထားသော ဒေသန္တရအဖွဲ့အသီးသီးမှ ၊ ပုဒ်မခွဲ (၂) အရ အတည်မဖြစ်သေးမီ၊ ပုဒ်မ ၁၂၊ ၁၅ နှင့် ၁၆ တွင် ပြဋ္ဌာန်းထားသည့် ၎င်းတို့၏သက်ဆိုင်ရာအာဏာနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်နိုင်ခွင့်ရှိရမည်။"

၃။ ။အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၇ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကိုထည့်သွင်းရမည်။

ဒေသန္တရအဖွဲ့၏သက်တမ်း။

"ဒေသန္တရအဖွဲ့၏သက်တမ်းသည်၊ ပုဒ်မ ၄ အရ၊ နိုင်ငံတော်သမ္မတ က၊ အတည်ပြုသည့်နေ့ရက်မှစ၍ ၅ နှစ်ဖြစ်ရမည်။ သို့ရာတွင် နိုင်ငံတော် သမ္မတ သည်၊ မိမိ သင့်လျော်သည်ဟု ထင်မြင်ယူဆလျှင်၊ မည်သည့်အချိန်အခါမဆို၊ ဒေသန္တရအဖွဲ့တခု၏ သက်တမ်းကို လျော့နိုင်သည်။ ထို့ပြင် ဒေသန္တရအဖွဲ့တခု၏သက်တမ်း ကုန်ဆုံးသော်လည်း၊ ဒေသန္တရအဖွဲ့သစ်ကို ဖွဲ့စည်းအတည်ပြုသည့်

အဘိုး—၁၀ ပြား]

နေ့ရက်အထိ သက်ဆိုင်ရာဒေသန္တရအဖွဲ့ဝင် လူကြီးများသည်၊ မိမိတို့၏အာဏာနှင့် တာဝန်ဝတ်တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။''

(ခ) ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၂၀ နောက်တွင် အောက်ပါကို ပုဒ်မ ၂၁ အဖြစ် ထည့်သွင်းရမည်။

''၂၁။ ။ဒေသန္တရအဖွဲ့ဝင်လူကြီးများမှာ၊ နည်းဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း နေ့တွက်နှင့် ခရီးစရိတ်များ ထုတ်ယူနိုင်ခွင့်ရှိသည်။''

ဒေသန္တရအဖွဲ့ဝင်လူကြီးများ၏စရိတ်ကြေးငွေ။

ပ၊မ၊ပ၊စ—အမှတ် ၃၅၊ တရားရေးဝန်ကြီးဌာန၊ ၁၇-၁၁-၅၄—၂,၀၀၀—၂၈